# ဆာအဲလက်စ်ဖာဂူဆန် (သို့မဟုတ်) မန်ယူ၏ ပွဲကိုင်ရှင်

ဟိန်းလတ်



# အမှာစာ

'ကင့်နူး'ဘောလုံးကွင်းကြီး၏ အရှေ့ဘက်တန်းစင်မြင့်တွင် အသက် ၄၇ နှစ် အရွယ် ဖခင်နှင့် အသက် ၂၀ အရွယ်သားတို့ ဘောလုံးပွဲကို စိတ်ဝင်တစား ကြည့်နေကြ၏ ။

ဂိုးရလဒ်ဘုတ်ပြားကြီးပေါ်တွင် ကား ''မန်ချက်စတာယူနိုက်တက်-သုည၊ ဘေယန်းမြူး နှစ်-၁''ဟူ၍ ဖော်ပြထား၏ ။ ပွဲကစားသည်မှာ မိနစ် ၉၀ ကြာသွားပြီဟု နာရီလက်တံက ပြနေသည်။ 'ဘာစီလိုနာ'၏ လေထုတွင် တော့ ကြေကွဲဆိတ်ငြိမ်မှု က အကြီးအကျယ်လွှမ်းနေသည်။ ပွဲပြီးရန် စက္ကန့်ပိုင်းသာ လိုတော့၏ ။

ထိုစဉ် အနီရောင် တောက်တောက်အင်္ကျီဝတ်ထားသော ဆံပင် ရှည် ရှည်နှင့် အလယ်တန်းကစားသမား တစ်ယောက် က ကွင်းထောင့်ကန်ဘော ဧရိယာ အတွင်းသို့ ဘောလုံးကို ဆွဲပြေးလာ၏ ။ ထောင့်ကန်ဘော ကန်ရမည့် နေရာအထိ သူ ရောက်လာသည်။ ထိုနောက် ပြေးနေရာမှ အချိန်မဆိုင်းဘဲ ဂိုးတိုင်ဆီသို့ ချိန်ပြီး ဘောလုံးကို အရှိန်ဖြင့် တအားကျူးကန်လိုက်သည်။

ငြိမ်ကျသွားသော အခြေအနေနှင့် အကျယ်လောင်ဆုံးသော အသံတို့ကို တစ်ပြိုင်တည်းကြားဖူးပါသလား။ ပရိသတ်တော် တော် များများ က ဘာမှ မလှုပ်နိုင် ဘဲ ငြိမ်ကျသွားသကဲ့သို့ ကျန်ပရိသတ်တော် တော် များများ ကလည်း ဟစ်ကြွေး အားပေးကြသည်မှာ တစ်ကွင်းလုံးညံသွား၏ ။ အနီရောင် ဝတ်ထားသော ပရိသတ် များ မတ်တတ်ရပ်ကုန်ကြ၏ ။ သူတို့ ပြန်မထိုင်ကြတော့။ အဖေက သူ့သားကို အားရပါးရပွေ့ဖက်လိုက်သည်။ သားက အဖေကို ပြန်ဖက်သည်။ တစ်ဦးနှင့် တစ်ဦး မသိကြသူ အချင်းချင်းလည်း အပြန်အလှန်ပွေ့ဖက်ကြ၏ ။

နေရာတကာမှာ လက်တွေ ဆန့်တန်း။ နေရာတကာမှာ ခုန်ပေါက်နေ သူတွေ ။ နေရာတကာက စီစီညံညံဟစ်ကြွေးသံတွေ ။ အဖေက သားကိုကြည့် လိုက်သည်။

''ပွဲသိမ်းပြီဆိုပြီး အဖေတို့ ချက်ချင်း ပြန်သွားကြရင် ဒါမျိုးကို မြင်ရတော့ မှာ

မဟုတ်ဘူး''

*

''ဒါမျိုးမှမကြည့်လိုက်ရလို့ ကတော့သိပ်ကိုနစ်နာသွားမှာ ပေါ့ အဖေရယ်''

ဤပွဲအကြောင်း အနှစ် နှစ် အလလ ပြောလို့ မကုန်ကြ။ ပြောလို့မပြီးကြ။ ဘောလုံးပွဲအကြောင်းစကားစပ်မိသည်နှင့် ဒီအကြောင်းကိုပဲ ထပ်တလဲလဲ ပြောမိ ကြ၏ ။ ဒါက ဘောလုံးပွဲမည် ကာမတ္တမဟုတ်။ ဒါက ခံစားမှု အရသာ။ ဘောလုံးပွဲ ကြည့်ခြင်း၏ ရင်ခုန်မှုဝေမှု ။

ဤပွဲသည် 'မန်ယူ'ပွဲများ စွာ အနက် တစ်ပွဲမျှသာ။ 'မန်ယူ' ဆိုသည်နှင့် 'ဆာအဲလက်စ်ဖာဂူဆန်'ကိုပါ တွဲလျက်မြင်လာကြမည် ။

၁၉၈၆ ခုနှစ် နိဝင်ဘာလလောက်က 'အေဘာဒင်'အသင်းမှ ထွက်လာ သော သူတစ်ဦးသည် 'မန်ယူ'သို့ ရောက်လာကာ သူ့လက်ထက်တွင် ဥရောပ အကောင်းဆုံးအသင်းကြီးတစ်သင်း ဖြစ်အောင် ထုဆစ်ပေးခဲ့၏ ။ 'မန်ယူ'သည် ၂၅ နှစ် အတွင်း ၊ ပရီးမီးယားလိဂ်ဆုဒိုင်း ၁၂ ကြိမ်၊ အက်ဖ်အေဖလား ၅ ခု၊ လိဂ်ဖလား ၄ ခု၊ ဥရောပဖလား၂ ခု ဆွတ်ခူးနိုင်ခဲ့ပေပြီ။ အောင်မြင်မှု တွေ က အစီအရီတစ်သီတစ်တန်းကြီး။ ထို့ကြောင့်ပင် လူတွေ က 'မန်ယူ'ကို 'အောင်ပွဲမုဆိုး များ ' ဟု ခေါ်လေကြသလားမသိ။

'ဖာဂူဆန်'၏ စွမ်းဆောင်မှု ကြောင့် ဘုရင်မကြီးက သူ့ကို 'ဆာ' ဘွဲ့ ချီးမြှင့်ကာ သူကောင်းပြုခဲ့သည်။

'မန်ယူ'တွင် ဘောလုံးသမားအကျော်အမော်တွေ အများ ကြီး ကစား ခဲ့ကြ၏ ။ ထွက်သူထွက်ကြ၊ ဝင်သူဝင်ကြ။ အမြဲတစေ တည်မြဲနေသူကမူ 'ဖာဂူဆန်'။

''ကျွန်တော် တို့ အထက်တန်းကျောင်းသားဘဝက ဖာဂူဆန်သည်

ကျောင်းအုပ်ကြီး။ ကျွန်တော် တို့ တက္ကသိုလ်ရောက်တော့ သူက ပါမောက္ခ။ ယခုတော့ ကျွန်တော် တို့ရဲ့ ဂုရုကြီး''ဟု အားကစားစာရေး ဆရာ'ဝီလ်တီဒီ'က ရေး သားခဲ့ဖူး၏ ။ ဘောလုံးလောကတွင် သူသည် ဖခင်ကြီးတစ်ဦးပမာ ထီးထီးကြီး ရှိနေသည်။

ကျွန်တော် သည် 'မန်ယူ'ပရိသတ်သန်းပေါင်းများ စွာ ထဲမှတစ်ဦး ဖြစ် သည်။ ဤစာအုပ်သည် အားကစားသမိုင်းတွင် အအောင်မြင်ဆုံး ဘောလုံး ကလပ်ကြီးများ ထဲမှ တစ်ခုအပါအဝင် ဖြစ်သော 'မန်ယူ'အသင်းအကြောင်း မှတ် တမ်းဟု ဆိုနိုင်၏ ။ သို့ သော် 'မန်ယူ'သမိုင်းကို အစမှအဆုံးအပြည့်အစုံဖော်ပြ သော မော်ကွန်းကား မဟုတ်။ 'မန်ယူ'ကို အအောင်မြင်ဆုံးအဆင့်သို့ ပခုံးထမ်း တွန်းတင်ပေးသူ 'ဆာအဲလက်စ် ဖာဂူဆန်'၏ ၂၅ နှစ်တာ မန်နေဂျာဘဝကိုသာ တစ်စိတ်တစ်ပိုင်း မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်။

'မန်ယူ'နှင့်'ဖာဂူဆန်'အကြောင်းပြောရင်းနှင့် 'ရော့ဘ်ဆန်'တို့၊ 'ဟျူး 'တို့၊ 'ဘရစ်'တို့၊ 'ကန်တိုနာ'တို့မှသည် 'ရှမေချယ်လ်'၊ 'ကီးန်'၊ 'ဂစ်'၊ 'ဘက်ခမ်း'၊ 'ရော်နယ်ဒို'၊ 'ရွန်းနီ'၊ 'စခိုးလ်'စသူတို့လည်း တွဲပါလာရော့မည် ။ ထို့ပြင် 'မန်ယူ'၏ မန်နေဂျာအဆက်ဆက်တို့အကြောင်း။

ဤစာအုပ်ကို ရေး ရန် 'ပါရမီ ဦးကျော်ဦး'က တိုက်တွန်းပြီး စာအုပ်တွေ တစ်ပုံကြီးချပေး၏ ။ 'ဝီလ်တီဒီး'၏ 'ဆာအဲလက်စ်ဘဝ' (Life With Sir Alex)၊ 'ပက်ထရစ်ဘာကလေ'၏ 'အဲလက်စ်ဖာဂူဆန် အတ္ထုပ္ပတ္တိ'(The Biography of Alex Ferguson)၊ 'ဖာဂူဆန်'ကိုယ်တိုင်ရေး သော 'အဲလက်စ်ဖာဂူဆန်-ကျွန်တော့်ဘဝ ကျွန်တော် စီမံအုပ်ချုပ်ခြင်း'(Alex Ferguson: Managing My Life)စသည့် စာအုပ်သုံးအုပ်ကို အခြေတည်ပြီး ရေး ပါသည်။

စာအုပ်များ စွာ ကိုချဖတ်ရင်း၊ အနှစ် ချုပ်ထုတ်၍ ရေး ရင်းနှင့် 'တေလာ ဒယ်နီယယ်'၏ 'ဆာအဲလက်စ်ဖာဂူဆန်-ဘောလုံးပါရမီရှင် တစ်ဦး၏ မဖြတ် မတောက်ဇာတ်လမ်း'(Sir Alex Ferguson : The Uncut Story of a Football Genius) စာအုပ်ကို ထပ်ရ၍ အချက်အလက်သစ်တချို့ ထပ်မံ ဖြည့်စွက် ရပြန်သည်။

အဓိကကျောရိုးအားဖြင့် 'ဖာဂူဆန်'၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ အပေါ် အခြေတည်ပြီး ကျန်ရည်ညွှန်းစာအုပ်များ ကို ကိုးကားရေး သားပါသည်။

'မန်ချက်စတာယူနိုက်တက်ကလပ် စွယ်စုံကျမ်း'( Encyclopedia of Manchester United) စာအုပ်ကိုကား ဘေးမှာ လက်စွဲအ ဖြစ်ထားကာ ခုနှစ် များ ကို တိုက်ဆိုင်စစ်ဆေးရပါသည်။

တစ်ချိန်တည်းမှာ ပင် 'မန်ယူ'အသင်းကန်သော ဘောလုံးပွဲ အခွေများ လည်း ကြည့်ကာ 'မန်ယူ'စိတ်ပိုသွင်းရသေးသည်။

*

ကျွန်တော် အတ္ထုပ္ပတ္တိစာအုပ်ပေါင်း များ စွာ ရေး ခဲ့ပြီးပါပြီ။ အများ အားဖြင့် နိုင်ငံရေး အတ္ထုပ္ပတ္တိများ ဖြစ်သည်။ စီးပွားရေး အောင်မြင်မှု ရသူများ အကြောင်းတွေ လည်း ရေး ၏ ။ စာရေး ဆရာတွေ ၊ အနုပညာရှင်တွေ ၊ ဘာသာရေး နှင့် ဒသနိကပညာရှင်တွေ အကြောင်းလည်း ရေး ဖူးပါသည်။ ယခု 'ဖာဂူဆန်' အကြောင်းကား ကျွန်တော် ပထမဦးဆုံးရေး ဖူးသော အားကစားလောက အတ္ထုပ္ပတ္တိ စာအုပ် ဖြစ်ပါသည်။

ကျွန်တော် အားကစားနှင့်ပတ်သက်၍ မကျွမ်းပါ။ ယခု 'ဖာဂူဆန်' အကြောင်းသည်လည်း အားကစားအကြောင်းဆိုခြင်းထက် သူ့ဘဝ၊ သူ့စိတ် ဓာတ်၊ သူ၏ စီမံအုပ်ချုပ်မှု တို့အကြောင်း ဇောင်းပေးရေး ခြင်းသာ ဖြစ်ပါသည်။ ဗမ္မာ တစ်လူဟုခေါ်ဆိုနိုင်လောက်သူကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းကို ဖတ်ရင်းမှ အားတက်စရာတွေ ၊ နည်းယူစရာတွေ ၊ သင်ခန်းစာယူစရာတွေ အများ ကြီးရမည် ဟု မျှော်မှန်းမိပါသည်။

ယခုစာအုပ်ရေး နေစဉ်မှာ ပင် 'မန်ယူ'တိုက်စစ်မှူး 'ရွန်းနီ'သည် လွန်ခဲ့ သော နှစ် နှစ် က 'မန်ယူ'မှထွက်မည် ဟု ပြောခဲ့၏ ။ ယခုမူ သူ၏ ဘောလုံးသမား

သက်တမ်းတစ်လျှောက်တွင် လက်ရှိ နည်းပြ မန်နေဂျာ'ဖာဂူဆန်' ကိုင်တွယ် လျက်ရှိသော 'မန်ယူ'တွင် သာ ကုန်ဆုံးချင်သည်ဟု ပြောလာ၏ ။

တိုက်စစ်မှူး 'ရွန်းနီ'က သူ 'မန်ယူ'အသင်းမှ ထွက်မည် ဟု ပြောခဲ့ခြင်းမှာ သူ၏ မဟာအမှား ပင် ဖြစ်ကြောင်း၊ လက်ရှိအနေအထား၌ 'မန်ယူ'အသင်းတွင် သာ 'ဖာဂူဆန်'၏ ကြီးကြပ်မှု အောက်တွင် နေရသည်မှာ သူပိုမိုပျော်ပိုက်ကြောင်း၊ 'မန်ယူ'မှလွဲ၍ အခြားမည် သည့်အသင်းတွင် မှ ကစားရန်ရည်ရွယ်ခြင်းမရှိကြောင်း အတိအလင်းပြောကြားခဲ့၏ ။

'ရွန်းနီ'သည် 'မန်ယူ'အသင်းသို့ ၂၀၀၄ ခုနှစ် မှစ၍ ရောက်ရှိလာရာ ယခုဆိုလျှင် ရှစ်နှစ်သက် တမ်းပင်ရှိနေသည်။

''ကျွန်တော် က ဆရာဖာဂူဆန်ရဲ့ စေတနာနဲ့ပညာကို လေးစားပါတယ်။ ဖာဂူဆန်ရဲ့ မန်ယူအသင်းနဲ့အတူ အောင်မြင်မှု ရအောင် ဆက်ပြီးကစားဖို့ ဆုံးဖြတ် ထားပါတယ်''ဟု ၈-၉-၂၀၁၂ နေ့က 'မန်ချက်စတာ'မြို့တွင် 'ရွန်းနီ'က သတင်းစာဆရာများ ကို ပြောခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် အသက် ၇၁ နှစ် ရှိမည် ဖြစ်သော 'ဆာ အဲလက်စ်ဖာဂူဆန်'သည် သက်တော် ရှည် ဘောလုံးနည်းပြဂုရုကြီး ဖြစ်သည်။ သူ့အကြောင်းဖတ်ရှုရင်းမှ စိတ်ဓာတ်တက်စရာ၊ စိတ်ဓာတ်ပျက်စရာ၊ လောကဓံ လှိုင်းတံပိုးအတက်အကျများ ကို သိရှိခံစား သံဝေဂပွားစရာများ ကို စာဖတ်သူများ အား မျှဝေပေးလိုက် ပါသည်။

ဟိန်းလတ်

*

မြောက်ပင်လယ်မှတိုက်ခတ်လာသော လေသည် ပင်လယ် ကမ်းခြေ တစ်လျှောက် မရပ်မနားတိုက်ခတ်နေ၏ ။

ညက ပိန်းပိတ်အောင် မှော င်မိုက်နေသည်။ 'အေဘာဒင် ဘောလုံး ကလပ်'၏ 'ပီတိုဒရီအားကစားရုံကြီး'တစ်ဝိုက်လည်း လေက တိုက်နေ၏ ။ မကြာ သေးမီအချိန်ကမူ လေတိုးသံကို ပရိသတ်ကြီး အသံက လွှမ်းထား၏ ။ ယခုတော့ ပရိသတ် ၂၄၀၈၀ ၏ အသံက စဲသွားပြီ။

အမှတ်တရ လက်မှတ် ရေး ထိုးခိုင်းသော လူငယ်လေးများ နှင့် သူတို့ မိဘတွေလည်း ပြန်သွားကြပြီ။ ဗွဲကောင်းကောင်းနှင့်ကျန်နေသည်ကား သတင်းစာ ဆရာများ သာ။ ၂၁ နှစ် အောက် နိုင်ငံတကာဘောလုံးပွဲတွင် စကော့တလန်အသင်း နှင့် အင်္ဂလန်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကြသော ကွာတားဖိုင်နယ်ပွဲ။ ၂၁ နှစ် အောက် ဥရောပချန်ပီယံမိုလ်လုပွဲ၏ ကွာတားဖိုင်နယ်ပွဲတွင် နှစ် ဘက်အသင်း ဂိုးမရခဲ့ကြ။

'အဲလက်စ်မက်လိရှ်'၊ 'စတိဖ်အာချီဘော'၊ 'အလန်ဘရာဇီး' တို့ အားလုံး မှိုင်တွေ ချနေကြ၏ ။ အောင်ပွဲရ အင်္ဂလိပ်တို့ကမူ မြူး တူး အောင်ပွဲခံလျက်။

ထိုအချိန်တွင် 'ပီတိုဒရီ'အားကစားရုံ၏ သီးသန့်ကားရပ်နား စခန်းထဲသို့ ဆလွန်းကားတစ်စင်း မောင်းဝင်လာသည်။ ယာဉ်မောင်းဘက်မှ မှန်တံခါးက ပွင့်လာ၏ ။ 'အဲလက်စ်ဖာဂူဆန်'၏ မျက်နှာက ပေါ်လာသည်။

'ဖာဂူဆန်'သည် 'အေဘာဒင်အသင်း'၏ လူငယ်မန်နေဂျာ ဖြစ်သည်။ သူ၏ ဦးဆောင်မှု အောက်တွင် စကော့တလန်အသင်းက ၃ ကြိမ် ချန်ပီယံ ဖြစ်ခဲ့၏ ။

လေက ကြမ်းကြမ်းရမ်းရမ်းတိုက်ခတ်နေသော ညမှော င်မှော င်ထဲတွင် ဗြိတိန်မှအားကစားသတင်းထောက်အချို့ ကွင်းထဲမှ စမ်းတဝါးဝါးထွက်လာကြ၏ ။

လူငယ်များ အား သူက လှမ်းမေးလိုက်၏ ။

''ဟော့ကောင် ချာတိတ်တွေ၊ ဘယ်ကိုသွားနေကြတာလဲ''

''ဟိုတယ်ပြန်မလို့ အငှားကားဆီသွားနေကြတာ''

''အေး၊ ဒီလိုအချိန်မျိုးမှာ ဘယ်အငှားကားမှ မင်းတို့ မရဘူး။ ငါ့ကား ပေါ်ပဲ တက်ခဲ့ကြ''

'ဖာဂူဆန်'က သူတို့ကို မိုတယ်အရောက် လိုက်ပို့ခဲ့သည်။ 'ဖာဂူဆန်' က ဒီလိုလူမျိုး။

'ဖာဂူဆန်' တစ်ယောက် ၁၉၈၆ ခုနှစ် က 'မန်ချက်စတာယူနိုက်တက်' ၏ မန်နေဂျာ ဖြစ်လာသည်။ အင်္ဂလန်၏ ပထမတန်းဘောလုံးအသင်း ၂၂ သင်း အနက် ၁၉ ဆင့်မြောက်အသင်း ဖြစ်သည့်အထိ ကြိုးပမ်းမှု အရေး နိမ့်ခဲ့သော 'ရွှန်အက်ဘင်ဆင်'၏ နေရာတွင် သူရောက်လာခြင်း ဖြစ်၏ ။

'ဖာဂူဆန်' ရောက်လာပြီး ရလဒ်တွေ က တိုးတက်လာ၏ ။ သို့ သော် ဖြည်းဖြည်းမှန်မှန်တော့ မဟုတ်။ ၁၉၈၆-၈၇ ရာသီပွဲတွင် မန်ယူသည် 'ဝင် ဘယ်လ်ဒန်'အသင်းကို ၂ ကြိမ် ရှုံးခဲ့၏ ။ 'ဖာဂူဆန်' ကို မဆိုးပါဘူးဟု ပြောလာ ကြသည်။

သို့ သော် မန်ယူလိုချင်တာက 'မဆိုးတဲ့လူ'မဟုတ်။ မန်ယူကို အောင်ပွဲခံ နိုင်အောင် ဆောင်ကြဉ်းပေးနိုင်မည့်ငနဲ ဖြစ်သည်။

'ဖာဂူဆန်'သည် 'မန်ယူ'အတွက် အောင်ပွဲ ၁၁ ကြိမ်ရအောင် ယူပေး ခဲ့နိုင်၏ ။ 'မန်ယူ'တွင် 'ဖာဂူဆန်' ၂၅ နှစ် တာဝန်ယူခဲ့သည်။ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် 'ဖာဂူဆန်'၏ အသက်က ၇၁ နှစ် ရှိပြီ။

*

မည် သို့သော ဘဝမျိုးကို ဖြတ်သန်းခဲ့ကြရသည် ဖြစ်ပါစေ၊ ဘဝတစ်ခု၏ အစပိုင်း သည်ကား အရေး အကြီးဆုံးပင်။ လောကတွင် ကံအကောင်းဆုံးဆိုသည်မှာ မေတ္တာစေတပြည့်ဝသော မိသားစုထဲတွင် မွေးဖွားလာရခြင်းသည်လည်း တစ်ခု အပါအဝင်ဖြစ်၏ ။ မွေးဖွားရာ နေရာဒေသ ပတ်ဝန်းကျင်ကပါ ကောင်းမွန်ခွေးထွေး ပါက နှစ် ထပ်ကွမ်း ကံကောင်းသည်ဟုပင် ဆိုရမည် ။

ကျွန်တော့်မိဘ၏ ကျေးရွာကား ပြော၍ မကုန်။ ထို့အတူ ဂလပ်စဂို၏ အနောက်တောင်ဘက်ယွန်းယွန်းရှိ ကလိုက်ဆိုက်ဒ်ခရိုင်မှ ဂိုဗန်မြို့ကလေးသည် လည်း ကျွန်တော့် ဇာတိ ဖြစ်၍ ကျွန်တော် အချစ်ဆုံး ဖြစ်သည်။

ဂိုဗန်ကို ခရိုင်မြို့ကလေးဟုဆိုလျှင်ကား စော်ကားရာကျ၏ ။ ဤမြို့ကလေးသည် ကိုယ့်ဂုဏ်သိက္ခာနှင့်ကိုယ် လွတ်လပ်တည်တန့် မားမားမတ်မတ် ရပ်တည်နိုင်သော မြို့ ဖြစ်၏ ။ ဂိုဗန်မြို့ကို ဂလပ်စဂိုအောက်သို့ ထားခဲ့ခြင်းကို ၁၉၁၂ ခုနှစ် က မြို့သူမြို့သားများ က ဝိုင်းဝန်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြ၏ ။

တကယ်တော့ ဂိုဗန်သည် စကော့တလန်၏ ပဉ္စမမြောက် အကြီးဆုံးမြို့ ဖြစ်၏ ။ ဂိုဗန်မြို့သူမြို့သားတွေ အတွက် လက်မ,ထောင်စရာအလုပ်မှာ သင်္ဘောကြီး များ ကို ထုတ်လုပ်နိုင်သော မြို့အနေဖြင့် ဖြစ်၏ ။

ကျွန်တော့်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မွေးသည်။ ထိုအချိန်ကာလသည် ဒုတိယကမ္ဘာစစ်ကာလ ဖြစ်သဖြင့် သင်္ဘောကျင်းမှ သင်္ဘော များ ထုတ်လုပ်ရေး သည် အရေး အပါဆုံးကာလ ဖြစ်၏ ။ ကျွန်တော် တို့မြို့သူမြို့သား တော် တော် များများ သည် သင်္ဘောကျင်းများ နှင့် မကင်းကြ။ ကျွန်တော့် ဖခင်ကြီး သည်ပင်လျှင် သင်္ဘောကျင်းမှဝန်ထမ်းတစ်ဦး ဖြစ်၏ ။ ကျွန်တော့် ညီကလည်း ဖခင်၏ ခြေရာနင်းကာ သင်္ဘောကျင်းတွင် ဝင်လုပ်၏ ။ ကျွန်တော် မှအပ မြို့သူ မြို့သား တော် တော် များများ သည် သင်္ဘောကျင်းလုပ်သားတွေ ဖြစ်ကြသည်။ ထို့ကြောင့် သင်္ဘောတည်ဆောက်ခြင်းဟူသည် ကျွန်တော့် ဘဝ၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည်ကိုကား မည် သို့မှ ငြင်း၍ မရ။ တစ်မြို့လုံးနီးနီး သင်္ဘောကျင်းတွေ ရှိနေ၍ မြို့သူမြို့သားအချင်းချင်း ဂုဏ်တုဂုဏ်ပြိုင် နည်းပါးကာ

တစ်ဦးနှင့်တစ်ဦး ယိုင်းပင်းကူညီမှု များ ကြ၏ ။

သတ္တုတူးဖော်ရေး လုပ်ငန်း မန်နေဂျာကြီးများ ဖြစ်ကြသည့် ဂျော့စတိန်း၊ ဆာမက်ဘက်ခ်ဆီ၊ ဘီလ်ရှင့်ခ်လီ၊ ဘော့ပေစလီတို့က ဘောလုံးဝါသနာအိုးများ ဖြစ်ကြ၍ သူတို့လုပ်ငန်းများ ထဲသို့ ဘောလုံးအားကစားကို သွတ်သွင်းကာ အားပေး ကြ၏ ။ ဘောလုံးသမားအချင်းချင်း သစ္စာရှိမှု ၊ ဇွဲသတ္တိကောင်းမှု တို့ကို သူတို့က လေ့ကျင့်ပျိုး ထောင်ပေး၏ ။

သူတို့ကြားတွင် ကြီးပြင်းလာရသော ကျွန်တော် မှာ ထိုစဉ်ကတည်းက အဆိုပါစိတ်ဓာတ်မျိုးတွေ အမွေရခဲ့ပြီး နောက်ပိုင်းကာလ လူများ ကို ကိုင်တွယ်ရ သည့်အခါ အောင်မြင်ခဲ့ခြင်းမှာ ထိုအလေ့အကျင့်များ ကြောင့် ပင် ဖြစ်သည်။

ကျွန်တော့် အဖေရော၊ ညီငယ် မာတင်ရောပါ 'ဖဲဗီးလ်သဘော်ာကျင်း' တွင် လုပ်ကြသူများ ဖြစ်သည်။ ကျွန်တော့် ဖခင်ကြီး ကူညီတည်ဆောက်ပေး သော သဘော်ာအမည်က 'ကွင်းစလန်စတား' ဖြစ်၏ ။ ထိုအမည် နာမများ သည် ဂျပန်မြို့တွင် ထင်ရှား၏ ။ ဂျပန်နှင့်ပတ်သက်သော ပဲ့တင်သံများ ကား ကျွန်တော့် ဘဝ တစ်လျှောက်တွင် စီးညံ့နေ၏ ။

ငယ်စဉ်က ပေါင်းသင်းခဲ့သော ငယ်ပေါင်းတွေ ကိုလည်း တစ်သက်မမေ့ နိုင်။ မူကြိုကျောင်းတက်စဉ် ကျွန်တော် လေးနှစ် သားအရွယ်က သိခဲ့သော 'ဒန်ကန် ပက်တာဆန်'၊ 'ဂျင်မ်မက်မီလန်'တို့နှင့် ကျွန်တော် အမြဲအဆက်အသွယ်မပြတ်။ နေ့လယ်ပိုင်း အိပ်ချိန်ရောက်လျှင် 'ဒန်ကန်'နှင့်ကျွန်တော် က ဘေးချင်းယှဉ်အိပ်ကြ ရသည်။ ဆရာမ တွေ က အတင်းအိပ်ခိုင်း၍ သာ အိပ်ရသည်။ ကျွန်တော် တို့က မအိပ်ချင်။ ထို့ကြောင့် သူငယ်ချင်းနှစ်ယောက် အိပ်ချင်ယောင်ဆောင်ပြီး တိတ်တိတ် ကလေး တွတ်ထိုးခဲ့ကြပုံများ ကို ယနေ့တိုင် အမှတ်ရနေသေးသည်။

ကျွန်တော် တို့အုပ်စုထဲသို့ 'တွမ်မီဟင်ဒရီ'ဆိုသူတစ်ဦး ပါဝင်လာ၏ ။ သူနှင့် ကျွန်တော် တို့ 'လိုက်ဖ်ဘွိုင်းစ်'ဘောလုံးအသင်းတွင် အတူတူကစားခဲ့ကြ၏ ။ 'တွမ်မီ'နှင့်ကျွန်တော် တို့က သူ အသက် ငါးနှစ် ခွဲကျမှ စ,တွဲမိကြခြင်း ဖြစ်သည်။ ဤအုပ်စု

ဤအတွဲသည် နှစ် ငါးဆယ်ကျော်လုံးလုံး လက်တွဲမဖြုတ်ကြ။

ငယ်ဘဝ အမှတ်ရစရာတွေ က များ ၏ ။ ကျွန်တော် တို့ အိမ်လိပ်စာက အမှတ်-၆၇၊ ဂိုဗန်လမ်း၊ နက်ပ်ကျွန်းလမ်းထောင့်။ ပရိုတက်စတင့်နှင့် ရိုမန်ကက်သလစ်ဘာသာဝင်အရောအနှောတွေ အနေ များ သော ရပ်ကွက် ဖြစ်သည်။ လူမျိုးစုံ သွေးနှောသူများ လည်း ရှိ၏ ။ ဤသည်မှာ စကော့တလန်တောင်ပိုင်း၏ ပုံစံ ဖြစ်၏ ။

ကျွန်တော့် ကိုပဲ ကြည့်။ ကျွန်တော် က ပရိုတက်စတင့်ဘာသာဝင်။ ကျွန်တော့် ဇနီးက ကက်သလစ်ဘာသာဝင်။ ကျွန်တော့် အဖေဘက်မှ ဆွေမျိုး များ ကလည်း ထိုနည်းတူ။ အဘိုးက ကက်သလစ်။ သူ့ အိမ်ထောင်ဘက်က ပရိုတက်စတင့်။ အိမ်ထောင်စုသုံးစုမှကလေးများ ကို ပရိုတက်စတင့်ဘာသာဝင်များ အ ဖြစ် ပြုစုပျိုးထောင်ခဲ့ကြ၏ ။

ကျွန်တော် နှင့် ကျွန်တော့် ညီ မာတင်တို့သည် ရိန်းဂျားများ ဖြစ်ကြ၏ ။ အဖေကတော့ ဤကိစ္စနှင့်ပတ်သက်၍ ပြဿနာမရှိ။ သူက ဆဲလ်တစ် ထောက်ခံ သူ။ မာတင်ကတော့ သူ၏ ရိန်းဂျားလည်စည်းကို အဖေ မမြင်ရအောင် အိပ်ရာ ထဲတွင် ဝှက်ထား၏ ။

အမေက ကက်သလစ်ဘာသာအစွဲကြီးသူ။ အဖေကမူ ဘာသာရေး အစွဲ သိပ်မရှိ။ သို့ သော် သူတို့၏ သားနှစ် ယောက် ကို ပရိုတက်စတင့်ဘာသာ နှစ်ခြင်းခံပေးခဲ့သည်။ ဂိုဗန်မြို့ရှိ စိန့်မေရီဘုရားကျောင်းတွင် ဖြစ်၏ ။

မိဘများ က သူတို့အမြော်အမြင်နှင့်သူတို့ ကျွန်တော် တို့ ညီအစ်ကို နှစ် ယောက်ကို ဘာသာရေး သွတ်သွင်းပေးခဲ့ခြင်း ဖြစ်၏ ။ ထိုခေတ်က မည် သူမဆို အလုပ်လျှောက်ထားရာ၌ အမေးခံရသော မေးခွန်းမှာ 'ခင်ဗျား ဘယ်ကျောင်း တက်ခဲ့သလဲ'ဆိုသော မေးခွန်းပင် ဖြစ်သည်။ ကက်သလစ်ကျောင်းတက်ခဲ့သည် ဆိုပါက အလုပ်ရဖို့ အခွင့်အရေး က အလွန်နည်းမည် ။ အများ အားဖြင့် အပယ်ခံရ တတ်၏ ။ အထူးသဖြင့် သင်္ဘောကျင်းလုပ်ငန်းတွင် ကက်သလစ်ဘာသာဝင်များ ကို မခန့်အပ်သည့်အစဉ်အလာမှာ အနှစ် နှစ် ဆယ်မျှစွဲခဲ့၏ ။

ကျွန်တော် ၏ အဘိုး ဖြစ်သူ 'ဖာဂူဆန်'သည် ကက်သလစ်ဘာသာဝင် သင်္ဘောကျင်းလုပ်သားကြီး ဖြစ်၏ ။ သူ၏ အလုပ်သက်တမ်း တစ်လျှောက်လုံး ဘာသာရေးကြောင့် လူတန်းစားအခွဲခံ၊ နိုင်လိုမင်းထက်အလုပ်ခံခဲ့ရသည်။ သူက ကျွန်တော့် အဘွားဖြစ်သူ 'ဂျက်နက်ဘီထန်'ကိုလက်ထပ်ခဲ့သော အခါ သူ့ယောက္ခမ ဖြစ်သူသည် ပရိုတက်စတင့်ဘာသာကိုအလွန်အယူသန်သူသာမက 'ဖရီးမေဆင်' အသင်း၏ ဒေသဆိုင်ရာဆရာကြီးတစ်ဦးပင် ဖြစ်နေသည်ကိုတွေ့ရ၏ ။

အဘိုးနှင့်အဘွားက ကျွန်တော့် အဖေရယ်၊ သူ့ညီ ဂျွန်ရယ်၊ သူ့ညီမ အစ်ဗိုဘယ်လ်ရယ်ကို မွေးခဲ့၏ ။ ဤတွင် ပြဿနာတစ်ခု စ,တက်တော့၏ ။

အဘိုး'ဖာဂူဆန်'က ကျွန်တော့် အဖေ ၄ နှစ် သားအရွယ်တွင် ကက်သလစ်ကျောင်းသို့ ခေါ်သွား၏ ။ အဘွားကမူ 'ချာ့ချ်အော့ဖ်စကော့တလန်'မှ 'ချာ့ချ်အော့ဖ်စကော့တလန်'ကိုသာ အတင်းတက်စေသည်။ ဤတွင် ဖခင် ဖြစ်သူ သည် ဟိုဘာသာလို ဒီဘာသာလိုလို ဖြစ်ရင်းမှ နောက်ပိုင်းတွင် လူသားဝါဒီ ဆိုရှယ်လစ်ဝါဒကို လက်ခံယုံကြည်သူသာ ဖြစ်လာခဲ့၏ ။ ထို့ကြောင့် ဖခင်ကြီးသည် သူ့ယောက္ခမကြီး ကွယ်လွန်သော အခါ 'ဖရီးမေဆင်'ဂိုဏ်းအမွေကို လက်မခံခဲ့။ ထိုအမွေကို ကျွန်တော် ဦးလေး'ဂျွန်'က ဆက်ခံခဲ့၏ ။

ကျွန်တော့် ဖခင် 'အလက်ဇန္ဒားဘီထန်ဖာဂူဆန်'ကို 'ဒန်ဘာတန် ရှိုင်းယားပြည်နယ်'၊ 'ရင်ထန်မြို့'တွင် ၁၉၁၂ခုနှစ် က မွေးခဲ့၏ ။ သူ့ဖခင်သည် ပထမကမ္ဘာစစ်တွင် ဝင်ရောက်ဆင်နွှဲခဲ့ပြီး ဒဏ်ရာရ၍ 'အိဘရောက်ဇ်မြို့'အနီးမှ ဆေးရုံတက်ရ၏ ။ ထို့ကြောင့် မိသားစုသည် ထိုဆေးရုံနှင့်နီးသော 'ဂလပ်စဂိုမြို့'သို့ ပြောင်းကာ သူ့ကို ပြုစုစောင့်ရှောက်ကြရ၏ ။ သူတို့က 'ဟမ်မင်လ်ထန်ဟီးလ်' ရပ်ကွက်တွင် နေကြသည်။

အသက် ၁၄ နှစ် တွင် ဖခင်ကြီးသည် ကျောင်းထွက်လိုက်ရကာ သူ့မိခင်၊ သူ့ညီ၊ သူ့ညီမတို့ကို လုပ်ကျွေးခဲ့ရ၏ ။ ဖခင်ကြီးသည် စက်ရုံမျိုးစုံတွင် အလုပ်ကြမ်းသမား ဝင်လုပ်ခဲ့ရ၏ ။ တစ်ခါကမူ စက်ရုံထဲတွင် အလုပ်လုပ်ရင်း လက်ပြတ်တော့မည့်ဆဲဆဲအထိ ဖြစ်ခဲ့ရသည်ဟု အဘွားက ကျွန်တော့် ကို ပြောဖူး သည်။ သူ၏ လက်ဝဲဘက်

လက်ကောက်ဝတ်တွင် သေရာပါအမာရွတ်ကြီးကျန်ခဲ့ သည်။ နောက်တစ်ခါ စက်ရုံတစ်ခုတွင် အလုပ်လုပ်ရင်း သူ၏ လက်မပြတ်ခဲ့ပြန်၏ ။ ဒုတိယကမ္ဘာစစ် ဖြစ်လာသော အခါ သူသည် မသန်စွမ်းဆိုကာ စစ်ထဲမဝင်ခဲ့ရ။

သူက လူငယ်ဘဝတုန်းက ဘောလုံးကို စွဲစွဲမြဲမြဲ ကစားခဲ့၏ ။ သို့ဖြင့် သူသည် ဂလပ်စဂိုမြို့ကောင်စီ၏ လူမှု ရေး အသင်းတစ်ခုတွင် ဘောလုံးကစား ဖြစ်လာ၏ ။ သူနှင့် တွဲကစားသူများ ထဲမှ ကစားသမားကောင်းတစ်ဦး ဖြစ်သော 'ပီတာဒိုဟာတီ'နှင့် ထိုစဉ်က သိကျွမ်းခဲ့၏ ။

ကျွန်တော့် အဘိုး 'ဖာဂူဆန်'ကွယ်လွန်သော အခါ အဘွားသည် 'ဂျွန်နီ မီလာ' ဆိုသူနှင့် ထပ်မံအိမ်ထောင်ပြုပြီး မိသားစုသည် 'အိုင်ယာလန်မြောက်ပိုင်း' သို့ပြောင်းသွားကြ၏ ။ ထိုမြို့ရှိ သင်္ဘောကျင်းတွင် ဖခင်ကြီးက အလုပ်လုပ်ရ ပြန်သည်။

အသက် ၂၀ လောက်ကျမှ 'ဘာမင်ဂန်'သို့ ရောက်လာကာ 'ဘီအက်စ် အေ'စက်ရုံတွင် အလုပ်လုပ်ရ၏ ။ ထိုနောက်ပိုင်းတွင် ကား 'မီလာ' မိသားစုတစ်ခု လုံးသည် စကော့တလန်တွင် အပြီးအပိုင်ပြောင်းရွှေ့အခြေချလိုက်ကြ၏ ။

သူတို့မိသားစုအိမ်သည် 'ဂိုဗန်မြို့'စွန်ရှိ 'ဒရူမိုနီ'ရပ်ကွက် အမှတ် - ၃၅၇၊ ရှီလ်ဟောလ်လမ်းတွင် ဖြစ်၏ ။ ဤလိပ်စာသည် ကျွန်တော့် အတွက် အတော် အရေး ကြီးသည်။ အဘယ်ကြောင့်ဆိုသော် ဤအိမ်တွင် ကျွန်တော့်ကို မွေး၍ ဖြစ်၏ ။ သို့သော် သည့်ထက်အရင်ကျသည်မှာ အဖေနှင့် အမေ တွေ့ဆုံခဲ့ သည်မှာ လည်း ဤအိမ်ပင် ဖြစ်ခြင်းတည်း။

အဖေ့ညီမ ကျွန်တော့် အဒေါ်'အစ်ဇီဘယ်လ်'သည် 'ဘရွန်းလွန်းလမ်း' ရှိ 'ခရစ်စတီဝိုင်ယာအလုပ်ရုံ'တွင် လုပ်သည်။ အဒေါ်၏ အရင်းနှီးဆုံးမိတ်ဆွေမှာ 'အဲလစ်ဇဘက်ဟာဒီ' ဖြစ်၏ ။ အဒေါ်က သူ့သူငယ်ချင်းကို သူ့အစ်ကိုနှင့် စပ်ဟပ် ပေးကာ ယောင်းမ တော် ချင်၏ ။ သူတို့နှစ် ဦးကလည်း မစွန်းရင်းခင်က ကန်စွန်းခင်း နှင့်ငြိသူများ ဖြစ်ရာ မကြာခင် လက်ထပ် ဖြစ်ကြ၏ ။

အဖေက အမေ့ထက် ၁၀ နှစ် ကြီး၏ ။ အဖေနှင့်အမေ လက်ထပ် တော့ ၁၉၄၁ ခုနှစ် ၊ ဧွနိလ။ ကျွန်တော့် ကို မွေးတာက ဒီဇင်ဘာလ၏ နောက်ဆုံး ရက်တွင် ဖြစ်ရာ လက်မထပ်ခင်ကပင် ကျွန်တော့် ကို ကိုယ်ဝန်ရှိနေမည် ဟု တွက်ရ၏ ။ နှစ် သစ်မကူးလိုက်မီ တစ်နှစ် တာ၏ နောက်ဆုံးရက်တွင် မွေးဖွားသဖြင့် ကျွန်တော် က ထူးသည်ဟုဆိုရမည် ။ နောက်ထပ် ၁၁ လနှင့် ၂၁ ရက်အကြာတွင် ကျွန်တော့် ညီ မာတင်ကို မွေးသည်။

ကျွန်တော် တို့၏ ပထမအိမ်မှာ 'ဘရွှန်းလွန်းလမ်း'တွင် ဖြစ်၏ ။ ထိုအိမ် မတိုင်မီ အချိန်အတော် ကြာကမူ အမှတ်-၆၆၇၊ ဂိုဗန်လမ်းရှိ အိပ်ခန်း နှစ် ခန်းနှင့် မီးဖိုတွဲလျက်ရှိသော တန်းလျားရှည်တွင် နေထိုင်ခဲ့ကြ၏ ။ ထိုနေရာပတ်ဝန်းကျင်ကို ကျွန်တော် ကောင်းကောင်းမှတ်မိ၏ ။ ကျွန်တော် တို့အတွက် ကံကောင်းသည်မှာ အိမ်ထဲတွင် အိမ်သာ တွဲလျက်ပါခြင်း ဖြစ်သည်။ ဂိုဗန်တန်းလျားရှိ အိမ်အများ စု သည် ဘုံအိမ်သာကို မျှသုံးကြရ၏ ။ ဧည့်ခန်းနှင့်မီးဖိုချောင်က တွဲလျက် ဖြစ်၏ ။ မီးဖိုက မီးသွေးမီးဖို။ မီးသွေးတွေ ထားရသော အခန်းလွတ်တစ်ခုလည်း ရှိ၏ ။ ရေချိုးခန်းဟု သီးသန့်မရှိ။ သတ္တုဇလုံကြီးတစ်ခုထဲ ရေထည့်ချိုး ကြရ၏ ။ အိမ်က ကျဉ်းကျဉ်းကြပ်ကြပ်လေး။ သို့သော် မိသားစုတစ်စုစာအတွက်တော့ အတော် ပါပဲ။

ကျွန်တော့် ညီမာတင်နှင့် ကျွန်တော် က ဂိုဗန်လမ်းကို ဆီးမြင်နေရသော အခန်းတွင် နေကြ၏ ။ ကားလမ်းဘေးမှာ ဖြစ်၍ ကားသံတွေ က ဆူညံနေ၏ ။ အနီးအနားရှိ သင်္ဘောကျင်းမှ ထုသံနက်သံတွေ ကလည်း ညံစီ၍ နေ၏ ။ ညဘက် ဆိုလျှင် တော် ရုံတန်ရုံ အိပ်မပျော်နိုင်။ ထိုသင်္ဘောကျင်းက 'ဟာလန်နှင့် ဝုဖ် သင်္ဘောကျင်း'။ ထိုသင်္ဘောကျင်းမြေနေရာကို တစ်ချိန်က'ဖာဂူဆန်'တွေ ပိုင်ဆိုင်ခဲ့ သည်ဟုဆိုကြ၏ ။ ကျွန်တော် ကတော့ ပုံပြင်ဟုသာ သဘောထားလိုက်ပါသည်။

နောက်ထပ်အိပ်ခန်းတစ်ခုကိုမူ အိုင်းရစ်ဇနီးမောင်နှံ ဖြစ်ကြသော 'ဖရင်း' နှင့် 'မက်ရှ်မက်ကီးဗား'တို့ကို ငှားထားသည်။ သူတို့ မောင်နှံသည် ကိုယ်ပိုင်အိမ် မဝယ်နိုင်မချင်း ကျွန်တော် တို့နှင့် နှစ် ပေါင်းများ စွာ အတူနေသွားကြ၏ ။

ကျွန်တော် တို့တန်းလျားကြီးက သုံးထပ်ရှိ၏ ။ မိသားစုကိုးစု စုပေါင်း

နေထိုင်ကြ၏ ။ မိသားစုဝင်နည်းသော မိသားစုများ အတွက်မှု မထောင်းတာလှ သော် လည်း မိသားစုကြီးသူများ အတွက်မူ အခန်းတွေ ကြပ်ညပ်နေ၏ ။ 'လော' မိသားစုဆိုလျှင် မိသားစုဝင် ၁၆ ဦးမျှပင်ရှိရာ အိပ်ခန်းတစ်ခန်းနှင့် မီးဖိုချောင်တွင် မည် သို့ နေထိုင်ကြမလဲဆိုသည်မှာ စဉ်းစားရပင် ကြပ်လှ၏ ။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်ကာလတွင် 'ဂိုဗန်မြို့'၌ လူဦးရေ တစ်သိန်းခန့် ရှိ၏ ။ မြို့လေးတွင် သင်္ဘောကျင်းကြီး သုံးခုရှိ၏ ။ ရက်သတ္တပတ်တစ်ခုလုံး အလုပ်ရုံ သွားသူတွေများ သည်။ စနေနေ့နံနက်ဆိုလျှင်ကား သစ်သီးသည်တွေ ၊ သီချင်းဆိုသူတွေ ၊ တီးမှုတ်ဖြေဖျော်သူတွေ ဖြင့် ရပ်ကွက်တစ်ခုလုံး စည်ကားနေ၏ ။

ဘီယာဆိုင်ရှေ့တွင် လည်း လူတွေ ပြည့်ကြပ်နေ၏ ။ လော်ရီကားပေါ်မှ ဘီယာစည်ကြီးတွေ လိမ့်ချကြ။ ဆိုင်ထဲကို ဘီယာစည်တွေ အလုံးလိုက် အလုံး လိုက် ဝင်သွားကြ။ မကြာခင် ဘီယာစည်အခွံလွတ်တွေ ဆိုင်ပြင်ကို ရောက်လာ ကြ။ သောက်လည်း သောက်နိုင်ကြတဲ့သူတွေ ။

မီးသွေးကုန်သည် 'ဖလက်ချား'၏ မီးသွေးဈေးနှုန်းကြော်ငြာသံကိုလည်း ကြားနေရ၏ ။ သူက လှည်းအပြည့် မီးသွေးတွေ တင်ကာ တစ်လမ်းဝင် တစ်လမ်း ထွက် မီးသွေးကြော်ငြာတတ်၏ ။ သာတောင့်သာယာ မြင်ကွင်းများ ကား မဟုတ်။ သို့ သော် ပြန်စဉ်းစားကြည့်လျှင်ကား လွမ်းမောစရာ။

ကျွန်တော် ပထမဆုံးနေရသော ကျောင်းမှာ 'ဘရွန်းလွန်းလမ်း မူလ တန်းကျောင်း' ဖြစ်၏ ။ ဘလေဇာကုတ်အင်္ကျီနှင့် တံဆိပ်လှလှလေးတွေ ကြောင့် နာမည် ကြီးသော ကျောင်းကား မဟုတ်။ ကျွန်တော့် ဆရာမ တစ်ဦး၏ အမည် မှာ 'အဲလစ်ဇဘက်သွန်မဆင်'။ သူနှင့်ကျွန်တော် တစ်သက်လုံး စာအဆက်အသွယ်၊ လူအဆက်အသွယ် မပြတ်ခဲ့။

သူပြောပုံအရဆိုလျှင် သူဆရာမ ဖြစ်ကာစက ဤကျောင်းသည် ဂလပ် စဂိုတွင် အဆိုးဆုံးကျောင်းအ ဖြစ် နာမည် ကြီးခဲ့သည် ဆို၏ ။ ကျောင်းသားများ ထဲတွင် ယောက်

ားလေးဦးရေက အဆမတန်ပိုများ နေသည်ဟုလည်း ဆို၏ ။ ကျောင်းပတ်ဝန်းကျင်က လူတော် တော် များများ မှာ လည်း ဥပဒေချိုးဖောက်သူများ ။ လူသတ်သမားတွေ ၊ သူခိုးဓားပြတွေ ပေါသည်။ သို့သော် ကျွန်တော် ကျောင်းတက် သည့် ကာလ တစ်လျှောက်လုံးတွင် ရုတ်ရုတ်သဲသဲ ဆိုးဆိုးရွားရွား ဖြစ်ရပ်မျိုး တစ်ခုမှ မကြုံခဲ့၊ မကြားခဲ့ပါ။

တစ်ခုတော့ မှတ်မိပါသေးသည်။ စနေနေ့တစ်ရက်။ ကျွန်တော် ဆယ့်နှစ် ဆယ့်တစ်နှစ် သားအရွယ်။ ကျွန်တော် သည် 'ဘရွန်းလွန်းလမ်း'ရှိ စနူကာဆိုင်ထဲ တွင် လူကြီးတွေ ကစားနေကြသည်ကို ကြည့်နေ၏ ။ ၁၆ နှစ် ကျော် ၁၇ နှစ် သား လူငယ်နှစ် ဦးက ကျွန်တော့် ကို လင်မနစ်တစ်ပုလင်း လာတိုက်၏ ။ ကျွန်တော် ကလည်း ငတ်ငတ်နှင့် မော့သောက်လိုက်၏ ။ ပြီးမှ တခွီးခွီးနှင့် ပြန်အန် ပစ်လိုက်၏ ။ ကျွန်တော် သောက်လိုက်သော အစိမ်းရောင် အရည်တွေ က ကျင်ငယ် ရေတွေ ။ လူငယ်နှစ် ဦးက ကျွန်တော့် အ ဖြစ်ကိုကြည့်ပြီး ဟားတိုက် ရယ်မောနေကြ သည်။

ကျွန်တော် လည်း မည် သို့ မျှသည်းမခံနိုင်တော့။ အနီးအနားကို မျက်စိ ဝေ့ဝိုက်ကြည့်တော့ နှစ် တစ်လက်မ တုတ်ချောင်းတစ်ချောင်းကို တွေ့လိုက်ရ၏ ။ ထိုနောက် စနူကာဘောလုံးနှစ် လုံးကိုပါ လက်နှင့်ဆုပ်ကိုင်လိုက်သည်။ ပြီးတော့မှ ခုနက စော်ကားမော်ကားလုပ်သူနှစ် ဦးအနက်မှ တစ်ဦးကို သေသေချာချာ ချိန် ရွယ်ပြီး ဘောလုံးနှင့်ပစ်ပေါက်လိုက်၏ ။ တစ်ဦး၏ မေးရိုးကို တိုက်ရိုက်ထိသွား၏ ။ သူတို့က ပြန်ရန်မူမည် ပြုသော အခါ ကျွန်တော် က နှစ် တစ်လက်မတုတ်ကို မြှောက် ပြပြီး အခန်းထဲမှပြန်ထွက်ခဲ့၏ ။

နောက်တစ်ပတ်အကြာ ဂိုဗန်လမ်းပေါ်တွင် ကျွန်တော် လမ်းလျှောက် နေစဉ် ကျွန်တော့် ဘောလုံးဖြင့် မေးရိုးထိသွားသူတစ်ဦး ကောင်မလေးနှင့် တွဲလာ သည်ကို တွေ့လိုက်ရ၏ ။ သူ့ မေးရိုးတွင် ပလပ်စတာ အကြီးကြီး ကပ်ထားသည်ကို တွေ့လိုက်ရ၏ ။ သူ အတော် အထိနာသွားပုံရ၏ ။ ကျွန်တော့် ကိုလည်း သူမှတ်မိချင် မှတ်မိမည် ။ ထို့ကြောင့် ကျွန်တော် က အရင်ပုန်းလိုက်သည်။

နောက်ပြဿ နာတစ်ခုနှင့် ကြုံဖူးသေးသည်။ ဘောလုံးပွဲတစ်ပွဲတွင် ကျွန်တော်

တို့အသင်းက နိုင်ခဲ့၏ ။ ထိုအသင်းက ကစားသမားတစ်ဦးက ကျွန်တော့် ကို အငြိုး ထားသည်။ သူက 'ဝီလီဘင်းနက်'။ ဆိုးတေမိုက်မဲလွန်းသဖြင့် သူ့ကို 'သရဲ'ဟုပင် နာမည် ပြောင်နှင့်ခေါ်ကြသည်အထိ။ ကျွန်တော် 'စိန့်ဂျွန်စတုံး' အသင်းတွင် ဘောလုံးကစားစဉ်ကာလက ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော် သည် 'ပီတာရီးလ်ဂျူနီယာ'ကွင်း၌ လေ့ကျင့်ရန် အသွားတွင် စာအုပ်ဆိုင်တစ်ခု၏ တံခါးဝမှ သူက အော်ခေါ်သည်။

''ဟေ့ကောင်၊ ဖာဂူဆန်''

သူ့ဘေးနားမှာ က သူ့ညီ'မောလ်ကီ'ပါရှိနေ၏ ။

''မင်းက စိန့်ဂျွန်းစတုံးအသင်းမှာ ကစားနေတယ်ဆို။ မင်းနဲ့ငါ တစ်ပွဲ တစ်လမ်းတော့ စမ်းချင်သေးတယ်ဟေ့''ဟု သူက မာမာကျောကျောဖြင့် လာပြော ၏ ။ ထို့နောက် ပြောပြောဆိုဆို ကျွန်တော့် ဆီသို့ ရန်မူရန် ပြေးလာသည်။ ကျွန်တော် လည်း အခြေအနေမဟန်သမို့ တစ်ခါတည်း ထွက်ပြေးခဲ့၏ ။ တော် တော် လှမ်းလှမ်းပြေးလာခဲ့ပြီးမှ ပြန်လှည့်ကြည့်လိုက်၏ ။ ကံကောင်းတာက သူ လိုက် မလာ။ ထိုစဉ်ကတည်းက သူနှင့်ကျွန်တော် ပြန်မဆုံကြတော့။

ပြန်ဆုံမယ့်ဆုံတော့ နောက်ထပ်အနှစ် နှစ် ဆယ်ကြာမှ။ ၁၉၈၀ ခုနှစ် ပတ်ဝန်းကျင်။ ထိုအချိန်က ကျွန်တော် သည် 'အေဘာဒင်'တွင် မန်နေဂျာ ဖြစ် နေပြီ။ ကျွန်တော့် ကို 'ပီတာဟက်ထောင်'မှ ထောင်ပိုင်ကြီးက ထောင်သားများ အတွက် ဟောပြောစမ်းကစားပွဲတစ်ခု ကျင်းပပေးရန် ဖိတ်ကြား၏ ။

ထောင်ထဲသို့ မသွားခင် ထောင်ပိုင်ကြီးက ကျွန်တော့် ကိုပြောသည်။

''ခင်ဗျားရဲ့ ကျောင်းနေဘက် တစ်ယောက် က တော် တော် ဆိုးတယ်ဗျာ။ သူက ကျွန်တော့် ကို ဒုက္ခမျိုးစုံပေးတယ်ဗျာ။ ဒါပေမယ့် သူက လူတိုင်းကိုပြောတာ တစ်ခုတော့ ရှိတယ်။ ခင်ဗျားက သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်းတဲ့။ သူ့နာမည် က ဝီလီဘင်းနက်လေ''

သူ ပြောမည့် သာပြောသည်။ 'သရဲ'သည် 'ဘရွန်းလွန်းလမ်း မူလတန်းကျောင်း'တွင် ကျွန်တော် နှင့် တစ်ခါမှ ကျောင်းနေဘက်မ ဖြစ်ဖူးခဲ့။ ဂျပန်ရှိ အခြား ကျောင်းတွင် နေထိုင်သူ။ သို့ သော် သူတို့ကျောင်းမှကျောင်းသားများ က ကျွန်တော် တို့ ဘောလုံးကွင်းတွင် လာ,လာကစားတတ်ကြသည်။ မည် သို့ ပင်ဆိုစေ 'သရဲ' က ကျွန်တော့်ကို ရန်ငြိုးဖြိုင်ဘက်ကဲ့သို့ သဘောမထားဘဲ သူငယ်ချင်းဟုပြော၍ ကျေနပ်လှ၏ ။

ထောင်ပိုင်ကြီးက အခန်းတစ်ခု စီစဉ်ပေးသည်။ ထိုအခန်းက ထမင်းစား ခန်းကြီး ဖြစ်ဟန်တူ၏ ။ ခေါက်ကုလားထိုင်တွေ ခန်းမထဲတွင် အပြည့်ချထား၏ ။ ပွဲမစမီ ထောင်ပိုင်ကြီးက အဝေးတစ်နေရာမှ နေ၍ အခန်းတစ်ခုဆီသို့ လက်ညှိုး ထိုးပြ၏ ။ 'ဝီလီဘင်းနက်' ခေါ် 'သရဲ'က တစ်ယောက် တည်း အခန်းထဲတွင် ထိုင် နေသည်ကို တွေ ့ရ၏ ။ မကြာခင် သူ့ကို အခန်းထဲက ခေါ်ထုတ်လာပြီး ကျွန်တော် နှင့် တွေ ့ဆုံခွင့်ပြု၏ ။

''ဟိုင်း ဝီလီ''

ကျွန်တော် က သူ့ကို အရင်နှုတ်ဆက်လိုက်၏ ။

''အဲလက်စ်ပါလား။ သူတို့ကို ပြောပြလိုက်စမ်းပါဗျာ။ ခင်ဗျားနဲ့ ကျွန်တော် နဲ့ က သူငယ်ချင်းတွေ ဆိုတာ။ ဂျပန်မှာ ကျောင်းနေဘက်တွေ ဖြစ်တဲ့ အကြောင်း ပြောပြလိုက်ပါ''

သူက ဝမ်းသာအားရအော်ဟစ်နေ၏ ။

''အေး ပြောလိုက်မယ်။ သူက ဂလပ်စဂိုကျောင်းသားအသင်းမှာ ကစားခဲ့တဲ့သူပဲ''

ကျွန်တော် က ထိုသို့ ပြန်ပြောပြ၍ သူလည်း ကျေနပ်သွား၏ ။ သူက လူသတ်မှု ဖြင့် နှစ် ရှည်ထောင်ကျနေသူ ဖြစ်သည်။ အသက် ၅၀ အရွယ်တွင် သူထောင်မှလွတ်၏ ။ သို့ သော် မကြာမီ အရက်ဆိုင်တစ်ခုရှေ့တွင် ရန် ဖြစ်ရင်း ဓားထိုးခံရကာ လူမိုက်ဇာတ်သိမ်းသွား၏ ။

ဂျပန်တွင် ကျွန်တော် နှင့်ပေါင်းသင်းခဲ့သူ သူငယ်ချင်းအများ စုမှာ ထောင် ကျသူကျ၊ အရက်သမား ဖြစ်သူ ဖြစ်။ မိဘအများ စုမှာ ရန်းကန်လှုပ်ရှားနေကြရသူ များ

ဖြစ်သဖြင့် ကိုယ့်ကလေးတွေ ကို အချိန်ပေး မဆုံးမ,နိုင်ကြ။ ကျွန်တော် တို့ ကျတော့ ငွေကြေးမချမ်းသာလှသော် လည်း အဖေနှင့်အမေတို့က သူတို့အရေး ထက် သားသမီးအရေး ကို ဦးစားပိုပေးကြသူများ ဖြစ်၍ ကံကောင်းသည်ဟု ဆိုရ မည် ။

အဖေနှင့်မတူသည်မှာ အမေသည် မည် သည့်ဘာသာရေး မှ မရောနှော သူ ဖြစ်သည်။ သူတို့အမျိုးများ က အိုင်းရစ်လူမျိုး ကက်သလစ်ဘာသာဝင် ရာနှုန်းပြည့်။ အမေ၏ မိခင် 'ဆူမီမင်ဆယ်'က အိုင်ယာလန်မြောက်ပိုင်း နယူးရီတွင် မွေးသည်။ 'ဆူမီ'က 'တောမတ်ဟာဒီ'နှင့်အိမ်ထောင်ပြုလိုက်သော အခါ ကြီးမား သော ကက်သလစ် ဘာသာဝင် မိသားစုကြီးနှစ် ခု ဖြစ်လာ၏ ။ အဘိုး ဖြစ်သူ'ဟာဒီ' ပျောက်ဆုံးသွားသော အခါ ကျွန်တော် အဘွားကနောက်အိမ်ထောင်ပြုသည်။ ထိုသူ ၏ အမည် က 'ဆမ်အောဝင်'။ သို့သော် 'ဟာဒီ'ကို ကျွန်တော် အမြဲသတိရနေ၏ ။

အမေက အဆိုနှင့်အက ဝါသနာပါ၏ ။ သူနှင့် ကျွန်တော့် ဖခင်၏ ညီမ 'အစ်ဇိုဘယ်လ်'တို့က တစ်ပတ်လျှင်နှစ် ကြိမ်သုံးကြိမ်မျှ ကပွဲသွားကြ၏ ။ ကျွန်တော့် ကို မွေးလာတော့ သိပ်မက,ဖြစ်တော့။ သို့သော် ကျွန်တော် လေးဘက်တွား အရွယ်တွင် သူ ပြန်က,၏ ။

ကျွန်တော့် အဖေမှာ သူမတူအောင် ခွန်အားဗလ ကောင်း၏ ။ အရပ်က ငါးပေဆယ်လက်မလောက် ရှည်၏ ။ သူ့မျိုးဆက်က စကော့လူမျိုးများ ထဲတွင် အရပ်အမြင့်ဆုံး ဖြစ်၏ ။ အဖေက များ သော အားဖြင့် မီးလင်းဖိုဘေးတွင် ထိုင်ကာ ကုပ်ကုပ်ကလေး စာဖတ်နေတတ်သည်။ သို့သော် ဒေါသကြီးလာပြီဆိုလျှင်ကား မီးတောင် ပေါက်ကွဲသလိုပင် ဝုန်းဝုန်းဒိုင်းဒိုင်း။

ကျွန်တော့် ညီ မာတင်က ခေါင်းမာသူမို့ အဖေ့ဒေါသက သူ့အပေါ် ပိုသက်ရောက်တတ်သည်။ ကျွန်တော် ကတော့ ဒေါသအရိပ်အခြည်မြင်သည်နှင့် ကုတင်အောက် ဝင်ပုန်းလိုပုန်း၊ ရေချိုးသည့် သတ္တုဇလုံကြီးထဲ ဝင်နေလိုနေနှင့် လွတ်ရာကျွတ်ရာနေတတ်၏ ။ အများ အားဖြင့်မူ အဘွား ဖြစ်သူ'အောဝင်'ဆီသို့ ခိုလှုံတတ်တာ များ ၏ ။ ကျွန်တော် က အဘွား၏ အချစ်တော် ။ အဘွားဆီမှာ သာ ရောက်နေလျှင် အဖေက

ကျွန်တော့် ကို လက်ဖျားနှင့်ပင် မတို့ရဲ။

အဖေက သဘောကောင်းပြန်လျှင်လည်း သူ့အပြင် မည် သူမျှမရှိ။ တနင်္ဂနွေနေ့ဆိုလျှင် မနက်စာကို သူကိုယ်တိုင်စိတ်တိုင်းကျချက်ပြုတ်ကာ သား တွေ ကို အိပ်ရာမှ နိုးပြီးပင် ကျွေးသည်။ ကျွန်တော် ညီ မာတင်နှင့် ကျွန်တော် ကမူ အထက်အောက် တစ်နှစ် သာ ကွာသဖြင့် ညီအစ်ကိုဆိုတာထက် သူငယ်ချင်းလို ပို ဖြစ်နေ၏ ။

ကျွန်တော် ကလေးဘဝက ဆေးရုံတက်ဖူးတာ မကြာခဏ။ အူကျ၍ ခွဲစိတ်ခံရတာ က နှစ် ခါ။ ကျောက်ကပ်မကောင်း၍ ဆေးရုံတက်ရသေးသည်။ ထို့ကြောင့် ငယ်စဉ်က ချူချာသည်ဟုဆိုရမည် ။ ညီငယ် မာတင်နှင့် အကျီစား သန်ရင်းမှ သူက သံချွန်နှင့်ခြောက်လှန့်ရာ မတော် တဆထိုးမိပြီး ကျွန်တော့် လက်ဝဲဘက်ပေါင်တွင် ဒဏ်ရာရဖူး၏ ။ ထိုဒဏ်ရာအမာရွတ်က သေရာပါ။

ကျွန်တော် တို့ရပ်ကွက်မှလူကြီးတစ်ဦး ဖြစ်သူ'မစ္စတာဘွိုတ်'က ရပ်ကွက် လူငယ်များ အား စုစည်းကား ဘောလုံးအသင်းတစ်သင်း ဖွဲ့ပေး၏ ။ 'ဂိုဗန်ရိုဗာ အသင်း'ဟု သူက နာမည် ပေးခဲ့၏ ။ ကျွန်တော့် အတွက် အခက်အခဲက နှစ် ခုရှိ၏ ။ ဘောလုံးအသင်းက ၁၂ နှစ် အောက် အသင်း ဖြစ်၏ ။ ကျွန်တော် က ၇ နှစ် သာ ရှိသေး၍ သိပ်ငယ်နေသည်က အခက်အခဲတစ်ခု။ ဒုတိယအခက်အခဲ ကတော့ ကျွန်တော့် မှာ ဘောလုံးကန်ဖိနပ် မရှိခြင်း။

ထိုပြဿ နာနှစ် ခုမှာ မကြာခင် ပြေလည်သွားသည်။ အသက် ငယ်တာ ကိုလည်း လက်ခံပြီး လူကြီးတစ်ဦးက သူငယ်ငယ်တုန်းက စီးခဲ့သော ဘောလုံး ကန်ဖိနပ်ကို ကျွန်တော့် အား ပေးခြင်းတို့ ဖြစ်၏ ။

ကျွန်တော် တို့အသင်းက အနီးအနားကျောင်းများ ဖြစ်ကြသော 'စိန့်ဇေး ဗီးယား'နှင့် 'ကုပ်လင်း'ကျောင်းများ နှင့် ချစ်ကြည်ရေး ပြိုင်ပွဲများ လုပ်၏ ။ 'စိန့်ဇေး ဗီးယား'က ကက်သလစ်ကျောင်း ဖြစ်၏ ။ သူတို့က ရပ်ကွက်ထဲတွင် ဘောလုံးဗိုလ် ဖြစ်၏ ။ ထိုအသင်းမှ 'ဒက်စ်ဟာရွန်'နှင့် 'ဘားနတ်မက်နယ်လီ'တို့က နာမည် ကြီး ၏ ။ 'ဘားနတ်' က နောက်ပိုင်းတွင် အမေရိကသို့ ပြောင်းသွား ပြီး စာရေး ဆရာ ဖြစ်လာသည်။ 'ဒက်စ်' ကတော့

ကြေးစားဘောလုံးသမားအနေဖြင့် အေဘာဒင် တွင် ကစားသည်။ သူနှင့်ကျွန်တော် တို့ ရေရှည်မိတ်ဆွေတွေ ဖြစ်သည်။ သူ့သမီး၏ ခေါင်းကိုင်မိဘများ မှာ 'ကေသီ'နှင့် ကျွန်တော် ပင် ဖြစ်၏ ။

ကျွန်တော် နှင့် ကျွန်တော့် ညီ မာတင်ကို ပရိုတက်စတင့်ဘာသာဝင် များ အ ဖြစ် မွေးမြူပျိုးထောင်ခဲ့ကြောင်း ကျွန်တော် ပြောပြီးပါပြီ။ ကျွန်တော် တို့ အမေက ဘာသာတရားကိုင်းရှိုင်းစေလို၍ ကျွန်တော် တို့ညီအစ်ကိုနှစ် ဦးကို 'ရှီလို' ခန်းမရှိ ကျမ်းစာသင်ကျောင်းတွင် လည်း ညနေ ၆ နာရီ ၇ နာရီဆိုလျှင် ဘာသာရေး သင်ယူစေခဲ့၏ ။ ထိုဘာသာရေး သင်တန်းတွင် ကျောင်းတက်မှန်ဆု အ ဖြစ်ချီးမြှင့်သော သမ္မာကျမ်းစာအုပ်ကို ယခုတိုင် ကျွန်တော့် လက်ဝယ် သိမ်း ဆည်းထားဆဲ ဖြစ်၏ ။

ထိုကျမ်းစာသင်ကျောင်းသည် '၁၂၉ သက်စောင့်ကျောင်းသား အုပ်စု' နှင့် နီးသည်။ တနင်္ဂနွေနေ့ဆိုလျှင် ထိုအုပ်စုနှင့် ဘုရားကျောင်း အတူတူတက်ကြ သည်။ ထို့ကြောင့် တနင်္ဂနွေတွင် ကျွန်တော် ဘုရားကျောင်းနှစ် ကြိမ်တက်ခဲ့သည်။ ဘရွန်းလုံးကျောင်းမှ ဘောလုံးသမား အကျော်အမော်အားလုံးသည် ၁၂၉ အုပ်စုမှ ပင် ဖြစ်သည်။

'သက်စောင့်အုပ်စု'တွင် ကျွန်တော် ဘောလုံးဝင်ကစားရာ ဂလပ်စဂို ဖလားနှင့် ခရိုင်ဖလားများ ရခဲ့၏ ။ ဤသည်မှာ ဘောလုံးနှင့်ပတ်သက်၍ ကျွန်တော့် အောင်ပွဲအ ဖြစ် စတင်မှတ်တမ်းတင်ရမည် ဖြစ်သည်။ နောက်ပိုင်းတွင် 'ဟာမိုနီရိုး' ခေါ် ယောကျ်ားလေးဘောလုံး အသင်းတစ်သင်းက အသင်းသားသစ်များ အ ဖြစ် ကျွန်တော် တို့ကို ဝင်ပါရန်ကမ်းလှမ်းလာ၏ ။ ကျွန်တော် တို့ဆိုသည်မှာ 'သူရဲကောင်း လေးယောက် ' ဖြစ်သော 'ဒန်ကန်ပက်တာဆန်'၊ 'တွမ်မီဟင်ဒရီ'၊ 'ဂျင်မ် မက်မီ လန်'နှင့်ကျွန်တော် တို့ကိုဆိုလိုသည်။ ထိုအသင်း၏ ခေါင်းဆောင်မှာ 'ဘော့အင်းနစ်' ဖြစ်၏ ။

တကယ်တော့ 'ဘော့'နှင့် 'ဟာမိုနီရိုး'ကလပ်သည် ခွဲ၍ မရ။ ဤကလပ် အသင်းကို သူပင် အသက်သွင်းပြီး သူပင် ရှင်သန်အောင် ပျိုးထောင်ခဲ့သူ ဖြစ်၏ ။ ကျွန်တော် တို့အုပ်စုကို သင်ကြားပေးသူ ဆရာကမူ 'မစ်မက်ဂိုဝမ်' ဖြစ်သည်။ သူနှင့်ကျွန်တော် စ,တွေ

့စဥ်က သူ့အသက်မှာ သုံးဆယ်ဝန်းကျင်မျှသာ ရှိဦးမည်။သူက ဘောလုံးနှင့်ပတ်သက်၍ စိတ်အားထက်သန်လွန်းသူသာမက သူ့ရုပ် သူ့စိတ်ကို 'ဟာမိုနီရီး'အသင်းတွင် သာ မြှုပ်နှံထားသူ ဖြစ်၏။ သူ့ကို ကျွန်တော် တို့ အားလုံးက ချစ်ကြည်ညိုလေးစားကြသည်။ ကျွန်တော် ၏ နည်းပြဆရာဘဝ အရည်အချင်းများ သည် သူ့ထံမှ စတင်အမွေရသည်ဟုပင် ပြောနိုင်၏။

အားလပ်ချိန်တွင် သူက ကျွန်တော် တို့ တစ်အုံတစ်မကြီးကို 'ပိုလာ အင်ဂျင်'ခေါ်သည့် ပန်းခြံသို့ ခေါ်သွားကာ အေးအေးဆေးဆေး စုဝေးထိုင်ကြစေပြီး အသင်းလိုက်ကစားတတ်မှု ၏ တန်ဖိုးများ ကို ရှင်းပြတတ်သည်။

အသက်ဆယ်နှစ်၊ ဆယ့်တစ်နှစ် သာသာအရွယ် ကျွန်တော် တို့ ချာတိတ်ပေါက်စလေးတွေ မှာ သူဘာပြောသလဲဆိုတာကို တိတိပပ နားမလည်ကြ။ ကျွန်တော် တို့က ဘောလုံးတွေ ့လျှင် ကန်မည် ဟုသာသိထားကြသူတွေ ။ သို့သော် သူက စိတ်ရှည်လက်ရှည်နားချတတ်သည်။ ဥပမာ ကျွန်တော့် ကို ဆိုလျှင် -

''အဲလက်စ်၊ မင်းက ဘောသိပ်ဆိုင်းတတ်တယ်။ ကိုယ့်ဆီ ဘောလုံး ရောက်တာနဲ့ ကိုယ်ကချည်း ကန်မနေဘဲ သူများ ကို ဝေမျှပေ ဖို့ အကျင့်လုပ် ထားရမယ်''ဟူ၍ ဆုံးမတတ်၏။ ကျွန်တော် ကမူ သူများ နှင့် ဝေမျှကစားရမည် ဆိုသော စကားလုံးကို သိပ်သဘောမပေါက်။ ထို့ကြောင့် အိမ်ရောက်တော့ အဖေ့ကို မေးကြည့်ရ၏။ အဖေက စိတ်ရှည်လက်ရှည် ရှင်းပြတော့မှ ကျွန်တော် နားလည်လာသည်။

ထိုအချိန်က 'ဘရစ်တန်'အသင်းနှင့် ဖလားလုပွဲကစားရစဉ် ကာလကို လည်း မှတ်မိနေသေးသည်။ ကစားရသော ကွင်းက ကျွန်တော် တို့အတွက် ကွင်း စိမ်း။ သို့သော် သူတို့အတွက်မူ အိမ်ကွင်း ဖြစ်၍ ပရိသတ် ထောက်ခံ အားပေးမှု ကလည်း အပြည့်။

ပထမပိုင်းတွင် ကျွန်တော် တို့ သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင် ကစားနေ၏။ ပထမပိုင်း ပြီး၍ ခေတ္တအနားယူနေချိန်တွင် ကျွန်တော့် ဦးလေး'အင်ဒရူး' ပေါက်ချလာပြီး၊ ကစားပွဲပြီးပြီးချင်း လူစုပြီး အမြန်ပြန်ဖို့ လာသတိပေး၏။ ဦးလေး'အင်ဒရူး' က

ထိုရပ်ကွက်အနီးအနားတွင် နေထိုင်သူ ဖြစ်ရာ၊ ခပ်ဆိုးဆိုးတေတေလူငယ် သုံးဆယ်လောက် စုဝေးပြီး ကျွန်တော် တို့အသင်းကိုဝင်ရိုက်ရန် အစီအစဉ်ရှိကြောင်း သူ သိုးသိုးသန့်သန့်သတင်းကြားရ၍ လာသတိပေးခြင်း ဖြစ်၏ ။

ထိုသတင်းသည် ကျွန်တော် တို့အသင်းသားအားလုံးထံ ချက်ချင်း ပျံ့နှံ့ သွားသည်။ ကျွန်တော် တို့ဆရာ'မစ်မက်ဂိုဝမ်'ကလည်း သူအဝတ်အစားတွေ သိမ်းထားမည် ဖြစ်ပြီး ဒိုင်လူကြီးက ပွဲသိမ်းခရာမှု တ်လိုက်သည်နှင့် တစ်ချိုးတည်း လစ်ကြရန် လာမှာ သွား၏ ။ ကျွန်တော် တို့လည်း ထိတ်ထိတ်လန့်လန့်နှင့် ကစားကြ ပြီး လေးဂိုး တစ်ဂိုးနှင့် နိုင်ခဲ့၏ ။ ပွဲပြီးပြီးချင်း ကျွန်တော် တို့ရပ်ကွက်သို့ ဖြတ်လမ်းမှ အမြန်သုတ် ခြေတင်ခဲ့ကြသည်။ ရန်မူရန် လူစုနေသော သူတို့က ကျွန်တော် တို့နှင့် ကိုက် ၃၀ အကွာတွင် ကျန်ခဲ့သည်။ အန္တရာယ်မှသီသီလေးလွတ်မြောက်ခဲ့ခြင်း။ ဤသည်မှာ ဖလားပွဲတစ်ခု၏ အမှတ်တရ ပထမဆုံးအတွေ့အကြုံ။

'ဟာမိုနီရိုး'အသင်းတွင် ကျွန်တော် ဘောလုံးပညာနှင့်အတွေ့အကြုံ အတော် ဆည်းပူး ရရှိခဲ့၏ ။ ဘောလုံးကစားရင်း ကျွန်တော် တို့အသင်းမှအချို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျသူတွေ ကျခဲ့ကြသည်။ 'ဒန်ကန်ပက်တာဆန်' သည် 'ဂျက်နက်'နှင့် ဖူးစာဆုံပြီး မင်္ဂလာပွဲ ပထမဆုံးကျင်းပနိုင်သူ ဖြစ်ခဲ့၏ ။ သူ့ခြေရာကို ဒုတိယနင်းသူမှာ 'ဘော့အင်းနစ်'။

ကလပ်အသင်းတွင် ဘောလုံးကစားရသည့်နည်းတူ ကျောင်းအတွက် လည်း ဘောလုံးကစားပေးရသေးသည်။ ဂလပ်စဂိုမြို့တွင် ထိုအချိန်က ကျောင်း သား ဘောလုံးအသင်းများ တွင် ထူးချွန်သူတော် တော် များများ ရှိခဲ့၏ ။ 'မက်ကင်ဇွန်' အမြွှာညီအစ်ကို ဖြစ်သော 'ရော်နီ'နှင့် 'ဒေါ်နီ'၊ 'ခရိတ်ဝပ်ဆင်'၊ 'ဂျင်မီမော်ရစ်ဆင်' တို့နှင့် ကျွန်တော့် ညီ 'မာတင်'တို့သည် ဘောလုံးကစားရာတွင် နာမည် ရခဲ့ကြ၏ ။ 'မာတင်' ဆိုလျှင် အိုင်ယာလန်ရှိ 'ဝါတာဖို့ဒ်'အသင်းတွင် ကစားသမားအနေဖြင့် ရော၊ မန်နေဂျာအ ဖြစ်နှင့်ပါ အလုပ်ရခဲ့သည်။ သူတို့အသင်း၏ အောင်ပွဲများ စွာ ကို လည်း သူဆွတ်ခူးပေးနိုင်ခဲ့၏ ။

'ဂိုဗန်'အထက်တန်းကျောင်းအသင်း၏ အဓိကပြိုင်ဘက်မှာ 'စိန့်ဂါး

ဟတ်'အသင်း ဖြစ်၏ ။ ထိုအသင်းမှ 'ဂျိုးမက်ဘရိုက်'သည် ကျွန်တော် တို့အိမ် အနီးတွင် နေသည်။ သူက ကျွန်တော့် ထက် အသက်အနည်းငယ် ကြီး၏ ။ သူ သည် ကျွန်တော် ငယ်ဘ၀၏ သူရဲကောင်းပင် ဖြစ်၏ ။ 'ဂျိုး'က ဘောလုံးအသင်း တော်တော် များများ တွင် ကစားခဲ့ပြီး ဂိုးသွင်းစံချိန်လည်းတင်နိုင်ခဲ့သူ ဖြစ်၏ ။ ၁၉၆၆ ခုနှစ် တစ်ရာသီတည်းတွင် ပင် သူတစ်ဦးတည်း ၃၅ ဂိုးသွင်းနိုင်ခဲ့၏ ။ သို့သော် ထိုနှစ် တွင် ပင် သူ၏ ဒူးဒဏ်ရာ ပြင်းထန်ခဲ့သဖြင့် ဆက်မကစားနိုင်တော့ပေ။

'စိန့်ဂါဟတ်'အသင်းနှင့်ကျွန်တော် တို့အသင်း ပြိုင်ခဲ့ရသော ပွဲ တော်တော် များများ မှာ အကြိတ်အနယ်တွေ ချည်း ဖြစ်၏ ။ ကျွန်တော် တို့ ကျောင်း နှစ် ကျောင်းမှာ ဘာသာရေး အရလည်း မတည့်ကြသဖြင့် ဘောလုံးပွဲတွင် တကယ့် အပြိုင်အဆိုင်တွေ ပို ဖြစ်ခဲ့ကြသည်။ ကလေးပွဲတွင် လူကြီးများ ပါ၀င်စွက်ဖက် တတ်ကြ၍ အခြေအနေက ရှုပ်ထွေးလှ၏ ။ နယ်မြေခံသတင်းစာများ ကလည်း ကိုယ့်အသင်းကိုယ်ဘက် လိုက်ရေး တတ်ကြ၏ ။ ကျွန်တော့် အဖေကမူ ဘယ်သူ တွေ ဘာပြောပြော၊ ဘယ်လို ဝေဖန်ဝေဖန်၊ ကစားပွဲတိုင်းတွင် အကောင်းဆုံး ကစားဖို့သာ အဓိကဟု အမြဲဆုံးမတတ်သည်။

အဓိကပွဲကြီးတစ်ပွဲတွင် 'စိန့်ဂါဟတ်'နှင့်ကျွန်တော် တို့ တစ်ဂိုးစီ သရေ ကျခဲ့ကြ၏ ။ ဒုတိယအချီမကြေပွဲ၌သော အခါ ၆ ဂိုး ၃ ဂိုး ဖြင့် ကျွန်တော် တို့ အပြတ်အသတ်နိုင်ခဲ့သည်။ အထူးသဖြင့် ကိုက် ၂၀ အကွာမှ ထောင့်ဖြတ် ကန်သွင်းခဲ့သော ကျွန်တော့် ဂိုးကြောင့် ပရိသတ်၏ တစ်ခဲနက်အားပေးမှု ကိုရခဲ့ သည်။ ထိုနှစ် ဘောလုံးရာသီတွင် 'ဂလပ်စဂိုကျောင်းပေါင်းစုံအသင်း' လက်ရွေးစင် အ ဖြစ် 'တွမ်မီဟင်ဒရီ'နှင့် ကျွန်တော် တို့ အရွေးခံခဲ့ရသည်။ သို့သော် 'တွမ်မီ'၏ ပထွေး ဖြစ်သူက 'တွမ်မီ'ကို အသင်းထဲ ပါ၀င်ခွင့်မပြု ဆို၍ ကျွန်တော် တစ်ဦး တည်းသာ ဝင်ကစားခဲ့ရ၏ ။ 'ဂလပ်စဂို'ကျောင်းပေါင်းစုံလက်ရွေးစင်အသင်း ၏ ခေါင်းဆောင်မှာ 'ဒေးဗစ်လီသန်' ဖြစ်၏ ။ 'ဒေးဗစ်'ထံမှ အဖိုးမဖြတ်နိုင်သော ဘောလုံးပညာများ သာမက စိတ်ဓာတ်ရေး ရာအမွေများ ပင် ကျွန်တော် ရရှိခဲ့ သည်မှာ ကံကောင်းလှ၏ ။

ကျွန်တော် ၏ ဘောလုံးပညာရည်တက်လာမှု ကြောင့် 'ဒရမ်ချပ်ပယ် ကလပ်'၏

ကမ်းလှမ်းခြင်းကို ခံခဲ့ရသည်။ ထိုခေတ်က ဆိုလျှင် 'ဒရမ်ချမ်ပယ်' ကလပ် သည် စကော့တလန်တွင် အအောင်မြင်ဆုံးအသင်း ဖြစ်၏ ။ မူလကမူ ထိုကမ်းလှမ်းချက်ကို ကျွန်တော် စိတ်မဝင်စားပါ။ 'ဟာမိုနီရီး'တွင် သာ ဆက်လက် ကစားလိုစိတ်ရှိသည်။ သို့ သော် 'ဒရမ်ချမ်ပယ်'ကို အုပ်ချုပ်သည့် 'ဒေါက်ဂလတ်စ် စမစ်'နှင့် တွေ့ပြီးနောက်တွင် မူ ကျွန်တော်၏ စိတ်တို့က ယိမ်း ယိုင်လာသည်။ ထို့နောက် ကျွန်တော့် အဖေက 'ဒရမ်ချမ်ပယ်'တွင် ကစားသူ 'ဂျိုးမက် ဘရိုက်'နှင့် စကားပြောပြီးသော အခါတွင် အဆုံးအဖြတ်က ပြတ်ပြတ်သားသား ဖြစ်လာသည်။

''သူ ဒရမ်ချမ်ပယ်ကို ပြောင်းသင့်တယ်''ဟု 'ဂျိုး'က ဆုံးဖြတ်ပေး၏ ။

'ဒရမ်ချမ်ပယ်'တွင် အသင်းငါးသင်းရှိ၏ ။ ၁၄ နှစ် အောက်၊ ၁၅ နှစ် အောက်၊ ၁၆ နှစ် အောက်၊ ၁၇ နှစ် အောက်နှင့် ၁၈ နှစ် အောက်။ တစ်နှစ် အတွင်း း တွင် သူတို့အသင်းမှကစားသမား ၃၀ သည် အဆင့်မြင့် ကလပ်အသင်းများ ဆီသို့ ရောက်သွား၏ ။ စကော့တလန်တွင် လူငယ်ခြေတက်များ စွာ ရှိ၍ ဖြစ်၏ ။

အသင်းတည်ထောင်သူ'ဒေါက်ဂလတ်စ်စမစ်'သည် အသင်း တိုးတက်ရာတိုးတက်ကြောင်းကို အားသွန်လုပ်ဆောင်နိုင်သူ ဖြစ်သည်။ သူက သူ့ကစား သမားများ ကို ကောင်းကောင်းကျွေး၏ ။ ကစားပွဲတစ်ပွဲပြီးလျှင် ဟိုတယ်ခေါ်ပြီး ကြိုက်ရာကျွေးတတ်၏ ။ ကျွန်တော် တို့ကို ဤသို့ အခွင့်အရေး ပေးသည်ကို 'ဂိုဗန် အထက်တန်းကျောင်း'နှင့်'ဟာမိုနီရီး'တို့မှ ကစားဖော်များ သည်ပင် အံ့ဩနေကြ၏ ။

ကျွန်တော် တို့ကလည်း အစွမ်းကုန်ကြိုးစားကစားခဲ့ကြသည်။ ပွဲတစ်ပွဲ တွင် ကျွန်တော် တစ်ဦးတည်း ၉ ဂိုးသွင်းနိုင်ခဲ့၏ ။ သို့ သော် ရှေ့တန်း အလယ်လူ'ဘော်ဘီစတတ်'က ထိုနေ့က ၁၂ ဂိုးသွင်းနိုင်ခဲ့သည်။

ကျွန်တော် ၁၅ နှစ် သားက 'ဂိုဗင်ဟိုက်'၏ ၁၈ နှစ် အောက် အသင်း တွင် ကျောင်းသားအနေဖြင့် ကစားဖူး၏ ။ ဤသည်မှာ ကျောင်းသားအနေနှင့် နောက်ဆုံးကစားခဲ့သော ပွဲ ဖြစ်သည်။ 'ဒရမ်ချမ်ပယ်'၏ ၁၅ နှစ် အောက်အသင်းကို

ရောက်တော့ ကျွန်တော် ဘောလုံးပညာ ပိုရလာသည်။

ထို့နောက် ကျွန်တော် 'ကွင်း(စ်)ပတ်(ခ်)အသင်း'သို့ ပြောင်းကစား သည်။

*